# 特例貸付の償還免除に関して、よくあるご質問（FAQ）

Q1. လျှောက်လွှာ　စာရွက်စာတမ်း

Q2. နေထိုင်ခွန့်　ကင်းလွတ်ခြင်း

Q3. ချေးငွေ

Q4. ချေးငွေကို　ပြန်ပေးခြင်း

Q5. ရွှေ့ဆိုင်းကာလ

Q6. ချေးငွေကိုဘဏ်စာရင်းမှထုတ်ယူခြင်း

Q7. ပြန်ပေးရန်　ကင်းလွတ်ခွင့်

Q8. အချက်အလက်များပြောင်းလဲရန်လျှောက်ထားခြင်း

Q9. နိုင်ငံခြားသားများအတွက်ဆောင်ရွက်မှု

Q10. အခြား

# Q1. လျှောက်လွှာ　စာရွက်စာတမ်း

Q1.

ရောက်လာသည့်စာအိတ်တွင်ရေးထားသည့်အမည်မှားနေပါသည်။ (မိသားစုအမည်ရိုက်နှိပ်ထားပါသည်။)

A1. မိသားစုဝင်၏အမည်ကိုရေးထားလျှင်၊ထိုသူသည်ငွေချေးထားသူဖြစ်သည့်အတွက်၊လိုအပ်သည့်လုပ်ငန်းစဉ်များကိုပြုလုပ်ဆောင်ရွက်ပါ။

Q2. ကင်းလွတ်ခွင့်လျှောက်လွှာမှာမှားရေးမိပါသည်။

A2. မှားသည့်နေရာကိုမျဉ်း၂ကြောင်းတား၍ဖျက်ပြီး၊မျဉ်းတားထားသည့်စာလုံး၏အထက်ပိုင်းတွင်အမှန်ကိုရေးပါ။ (မျဉ်းတားထားသည့်အမှားနေရာတွင်လက်မှတ်တုံးနှိပ်စရာမလိုပါ။)

Q3. ကင်းလွတ်ခွင့်လျှောက်လွှာစာရွက်အများကြီးရောက်လာတာကဘာကြောင့်လဲ။

A3. ချေးယူထားသည့်ရန်ပုံငွေချေးငွေကုတ်နံပါတ်အလိုက်၊ကင်းလွတ်ခွင့်လျှောက်လွှာကိုပို့နေပါသည်။အသေးစားနှင့်အထွေထွေ (ပထမအကြိမ်) ကိုချေးယူခဲ့လျှင်၊ကင်းလွတ်ခွင့်လျှောက်လွှာ၂စောင်ပို့ပါသည်။ကင်းလွတ်ခွင့်လျှောက်ထားခြင်းသည်ချေးယူထားသည့်ရံပုံငွေချေးငွေကုတ်နံပါတ်အလိုက်လုပ်ဆောင်ရန်လိုအပ်သည့်အတွက်ကြောင့်သတိပြုပါရန်။

Q4. လိုအပ်သည့်စာရွက်စာတမ်းကိုဘယ်မှာယူရမလဲ။အခကြေးငွေပေးစရာလိုအပ်ပါသလား။

A4. 【မြို့တော်ရုံး၊မြို့ရွာရုံး】

(၁) နေထိုင်ကြောင်းထောက်ခံစာမိတ္တူမှန်

(၂) အခွန်ကင်းလွတ်ကြောင်းထောက်ခံစာ (ဈေးဌားသူ၊ငင်း၏အိမ်ထောင်ဦးစီး) သို့မဟုတ်အခွန်ချမှတ်

ထားသည့်ထောက်ခံစာ

【ပေးပို့သည့်စာရွက်စာတမ်း】

(၃) ပြန်ပေးရန်ကင်းလွတ်ခွင့်လျှောက်လွှာ (ပုံစံ ၁–၁)

※ (၁) (၂) ၏ကျသင့်ငွေသည် မြို့နယ်၊ မြို့ ကျေးရွာနှင့်လိုက်၍မတူပါ။

※ (၃) သည်၂စောင်ဖြစ်နေလျှင် (၁) (၂) လည်း၂စောင်လိုအပ်ပါသည်။ ((၃) အတွက်တစောင်

သည်မပျက်မကွက်မူရင်းဖြစ်ရမည်ဖြစ်ပြီး၊၂စောင်နှင့်အထက်ဖြစ်လျှင်အတူပေးပို့သည့်လျှောက်လွှာ

သည်မိတ္တူဖြစ်လျှင်လည်းရပါသည်။

※ (၃) အတွက်စာအိတ်ထဲတွင်ထည့်၍ပေးပို့ထားသည့်လျှောက်လွှာစာရွက်ကိုအသုံးပြုပါ။

ပြန်ပေးရန်ကင်းလွတ်ခွင့်လျှောက်လွှာ (ပုံစံ၁–၂) ကိုရယူရန်နှင့်ပတ်သက်၍ဤကောင်စီအဖွဲ့ (၀၂၉–၂၉၇

–၆၅၂၆) သို့ဆက်သွယ်မေးမြန်းပါရန်။

# Q2. နေထိုင်ခွန် ကင်းလွတ်ခြင်း

Q1. အခွန်ကင်းလွတ်ကြောင်းထောက်ခံစာလိုချင်လို့ပါ။ ဝင်ငွေခွန်တော့မကြေငြာထားပါဘူး။

A1. နေထိုင်နေသည့်ဒေသ၏မြို့၊မြို့နယ်၊ကျေးရွာရုံး၏အခွန်ဌာနသို့မေးမြန်းပါရန်။

Q2. (အခွန်ကင်းလွတ်ကြောင်းထောက်ခံစာ) ကိုဌာနခွဲမှာယူလို့ရမလား။

A2. နေထိုင်နေသည့်ဒေသ၏မြို့တော်ရုံး၊မြို့ရွာရုံး၏အခွန်ဌာနသို့မေးမြန်းပါရန်။

Q3. လေး၀ ၃နှစ် (၂၀၂၁ခုနှစ်) မှာအခွန်ဆောင်ရပြီး၊လေး၀ ၄နှစ် (၂၀၂၂ခုနှစ်) မှာအခွန်ကင်းလွတ်ခွင့်ရခဲ့လျှင်၊ လေး၀၄နှစ် (၂၀၂၂ခုနှစ်) ဘဏ္ဍာရေးနှစ်၏အခွန်ကင်းလွတ်ခွင့်ရကြောင်းထောက်ခံစာကိုတင်ပြလျှင်ရပါသလား။

A3. လေး၀ ၄နှစ် (၂၀၂၂ခုနှစ်) ၃လပိုင်းမကုန်မီအထိလက်ခံထားသည့်အရေး

ပေါ်အသေးစားငွေကြေးနှင့်အထွေထွေထောက်ပံ့ကြေး (ပထမအကြိမ်)

ဖြစ်လျှင်၊ လေး၀ ၄နှစ် (၂၀၂၂ခုနှစ်) ဘဏ္ဍာရေးနှစ်အတွက်အခွန်ကင်း

လွတ်ခွင့်ရရှိကြောင်းထောက်ခံစာကိုတင်ပြပါ။

လေး၀ ၄နှစ် (၂၀၂၂ခုနှစ်) ၄လနောက်ပိုင်းတွင်လက်ခံထားသည့်အရေး

ပေါ်အသေးစားငွေကြေး၊ အထွေထွေထောက်ပံ့ကြေး (ပထမအကြိမ်)၊

အထွေထွေထောက်ပံ့ကြေး (ကာလတိုး) နှင့်ပတ်သက်၍၊လေး၀ ၅နှစ်

(၂၀၂၃ခုနှစ်) ဘဏ္ဍာရေးနှစ်အတွက်အခွန်ကင်းလွတ်ခွင့်ရရှိခြင်းသည်

ပြန်ပေးရန်ကင်းလွတ်ခွင့်ရရှိရန်အတွက်လိုအပ်သည့်အချက်အလက်ဖြစ်

ပါသည်။

Q4. လေး၀၄နှစ် (၂၀၂၂ခုနှစ်) မှာအခွန်ဆောင်ရပြီးလေး၀ ၃နှစ် (၂၀၂၁ခုနှစ်) ဘဏ္ဍာရေးနှစ်မှာအခွန်ကင်းလွတ်

ခွင့်ရခဲ့လျှင်၊ လေး၀ ၃နှစ် (၂၀၂၁ ခုနှစ်) ဘဏ္ဍာရေးနှစ်

၏အခွန်လွတ်ကင်းခွင့်ရကြောင်းထောက်ခံစာကိုတင်လျှင်ရပါသလား။

A4. လေး၀ ၄နှစ်(၂၀၂၂ခုနှစ်)၃လပိုင်းမကုန်မီအထိတွင်လက်ခံထားသည့်

အရေးပေါ်အသေးစားငွေကြေးနှင့်အထွေထွေထောက်ပံ့ကြေး(ပထမအ

ကြိမ်)ဖြစ်လျှင်၊ လေး၀ ၃နှစ် (၂၀၂၁ခုနှစ်)ဘဏ္ဍာရေးနှစ်အတွက်အခွန်

ကင်းလွတ်ခွင့်ရရှိကြောင်းထောက်ခံစာကိုတင်ပြပါ။

လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၄လနောက်ပိုင်းတွင်လက်ခံထားသည့်အရေး

ပေါ်အသေးစားငွေကြေး၊ အထွေထွေထောက်ပံ့ကြေး(ပထမအကြိမ်)၊

အထွေထွေထောက်ပံ့ကြေး(ကာလတိုး)နှင့်ပတ်သက်၍ လေး၀ ၅နှစ်

(၂၀၂၃ခုနှစ်)ဘဏ္ဍာရေးနှစ်အတွက်အခွန်ကင်းလွတ်ခွင့်ရရှိခြင်းသည်ပြန်

ပေးရန်ကင်းလွတ်ခွင့်ရရှိရန်အတွက်လိုအပ်သည့်အချက်အလက်ဖြစ်ပါ

သည်။

Q5. လေး၀ ၃နှစ်(၂၀၂၁ခုနှစ်)ဘဏ္ဍာရေးနှစ်နှင့် လေး၀ ၄နှစ်(၂၀၂၂ခုနှစ်)

ဘဏ္ဍာရေးနှစ်အတွက် အခွန်ပေးဆောင်ရပြီး၊ လေး၀ ၅နှစ်(၂၀၂၃ခု

**နှစ်)ဘဏ္ဍာရေးနှစ်အတွက် အခွန်ကင်းလွတ်ခွင့်ရခဲ့လျှင် ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးဝင်ပါသလား။**

A5. လေး၀ ၄နှစ်(၂၀၂၂ခုနှစ်)၄လပိုင်းမကုန်မီအထိလက်ခံထားသည့်အရေးပေါ်အသေးစားငွေကြေး၊အထွေထွေထောက်ပံ့ကြေး(ပထမအကြိမ်)၊အထွေထွေထောက်ပံ့ကြေး(ကာလတိုး)နှင့်ပတ်သက်၍ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးဝင်မည်ဖြစ်သောကြောင့်လျှောက်ထားပါရန်။ လေး၀ ၄နှစ်(၂၀၂၂ခုနှစ်)၃လပိုင်းမကုန်မီအထိလက်ခံထားသည့်အရေးပေါ်အသေးစားငွေကြေး၊အထွေထွေထောက်ပံ့ကြေး(ပထမအကြိမ်)၊နှင့်ပတ်သက်၍လည်းအခွန်လွတ်ငြိမ်းခွင့်အတွက်အကျုံးဝင်သည့်အခါလည်းရှိနိုင်ပါသည်။ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးဝင်ခြင်းရှိမရှိနှင့်ပတ်သက်၍ အီဘာရခီစီရင်စုလူမှုဖူလုံရေးကောင်စီ စားဝတ်နေရေးထောက်ပံ့ရေးဌာန ၀၂၉-၂၉၇-၆၅၂၆ သို့ဆက်သွယ်၍မေးမြန်းပါရန်။

## Q3. ချေးငွေ

Q1. ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်နဲ့ပတ်သက်ပြီး ခြွင်းချက်အနေနဲ့ချေးပေးတာကို ဘယ်အချိန်အထိ လျှောက်ထားနိုင်ပါသလဲ။

A1ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်ဆိုင်ရာ ခြွင်းချက်အနေနှင့်ချေးပေးခြင်း အတွက်လက်ခံခြင်းသည် လေး၀ ၄နှစ်(၂၀၂၂ ခုနှစ်)၉လပိုင်းအကုန်တွင်ပြီး ဆုံးသွားပြီဖြစ်ပါသည်။

Q2. ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်နဲ့ပတ်သက်ပြီးခြွင်းချက်အနေနဲ့ချေးပေးတာအတွက် အတိုးပေးဖို့လိုမလား။

A2. အတိုးပေးရန်မလိုပါ။ သို့သော်လည်း ပြန်ပေးရန်ကာလကိုကျော်လွန်သွားလျှင် ကျန်နေသည့်ငွေပမာဏအပေါ် နောက်ကျမှုအတွက်နှစ်တိုး၃%ကို ပေးရမည်ဖြစ်ပါသည်။

# <u>Q4. ချေးငွေကို ပြန်ပေးခြင်း</u>

<u>Q1. အရေးပေါ်အသေးစားရန်ပုံငွေစသည့်အထူးချေးငွေကိုပြန်ပေးခြင်းဆိုတာဘာလဲ။</u>

A1 (ပြန်ပေးခြင်း) ဆိုသည်မှာ (ပြန်ဆပ်ခြင်း) ကိုဆိုလိုပါသည်။ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါသစ်၏သက်ရောက်မှုကြောင့်စားဝတ်နေရေးခက်ခဲပြီး၊အရေးပေါ်အသေးစားရန်ပုံငွေစသည့်အထူးချေးငွေကိုချေးထားသူဖြစ်ကာ၊ပြန်ပေးရန်ကင်းလွတ်ခွင့်အချက်အလက်တွင်အကျုံးမဝင်လျှင်ချေးထားသည့်ငွေကိုပြန်ဆပ်ရန်လိုအပ်ပါသည်။ပြန်ပေးခြင်းကင်းလွတ်ခွင့်ရရန်အတွက်အခြေခံအားဖြင့်လျှောက်ထားရန်လိုအပ်ပါသည်။

<u>Q2. ကျွန်တော်/မကတော့ကင်းလွတ်ခွင့်အကျုံးမဝင်ပါဘူး။ဘယ်တော့လောက်စပြီးပြန်ပေးရမလဲ။</u>

A2. အခြေခံအားဖြင့်လေး၀ ၄နှစ်(၂၀၂၂ခုနှစ်)၃လပိုင်းမကုန်မီအထိတွင်လက်ခံထားသည့်အသေးစားနှင့်အထွေထွေ(ပထမအကြိမ်)အတွက်လေး၀၅နှစ်(၂၀၂၃ခုနှစ်)၁လပိုင်းတွင်ပြန်ပေးရန်စတင်နေပြီဖြစ်ပါသည်။၎င်းနောက်ပိုင်းတွင်လက်ခံထားသည့် အသေးစား၊ အထွေထွေ(ပထမအကြိမ်)နှင့်အထွေထွေ(ကာလတိုး)နှင့်ပတ်သက်၍လေး၀၆နှစ်(၂၀၂၄ခုနှစ်)၁လပိုင်းတွင်ပြန်ပေးရန်စတင်မည်ဖြစ်ပါသည်။အထွေထွေ(နောက်တကြိမ်ချေးခြင်း)အတွက် လေး၀ ၇နှစ်(၂၀၂၅ခုနှစ်) ၁လပိုင်းတွင်ပြန်ပေးရန်စတင်မည်ဖြစ်ပါသည်။

※ချေးယူထားသူအားလုံးအတွက်အထက်တွင်ဖော်ပြထားသည့်အတိုင်းမဟုတ်ပါ။

<u>Q3. အသေးစားနှင့်အထွေထွေထောက်ပံ့မှုရန်ပုံငွေ၃ခုလုံးကိုချေးထားပါသည်။ပြန်ပေးရန်ကင်းလွတ်ခွင့်အတွ</u>

ကျ်အကျုံးမဝင်လျှင် ၂ခုစလုံးပြန်ပေးရမလား။

A3. ၂ခုစလုံးပြန်ပေးရန်လိုအပ်ပါသည်။

Q4. အားလုံးစုပေါင်းပြီး(ယူထားသည့်ငွေ ၄ ခုလုံးလည်း) ပြန်စပေးရတော့မလား။

A4.

လေး၀၄နှစ်(၂၀၂၂ခုနှစ်)၃လပိုင်းမတိုင်မီလက်ခံထားသည့်အသေးစား၊အထွေထွေ(ပထမအကြိမ်)အတွက်အခြေခံအားဖြင့်လေး၀၅နှစ်(၂၀၂၃ခုနှစ်)၁လမှစ၍၊လေး၀၄နှစ်(၂၀၂၂ခုနှစ်)၄လနောက်ပိုင်းတွင်လက်ခံသည့်အသေးစား၊အထွေထွေ(ပထမအကြိမ်)အတွက်အခြေခံအားဖြင့်လေး၀၆နှစ်(၂၀၂၄ခုနှစ်)၁လပိုင်းမှ၊အထွေထွေ(ကာလတိုး)အတွက်လေး၀၆နှစ်(၂၀၂၄ခုနှစ်)၁လပိုင်းမှ၊အထွေထွေ(နောက်တကြိမ်ချေးခြင်း)အတွက်လေး၀၇နှစ်(၂၀၂၅ခုနှစ်)၁လပိုင်းမှ၊ချေးငွေတခုစီအတွက်ကင်းလွတ်ခွင့်မရခဲ့လျှင်နှင့်ကင်းလွတ်ခွင့်လျှောက်ထားခြင်းမရှိခဲ့လျှင်စတင်ပြန်ပေးရမည်ဖြစ်သည်။

※

စတင်ပြန်ပေးရမည့်အချိန်ကာလနှင့်ပတ်သက်၍ချေးယူထားသူများအားလုံးအတွက်အထက်တွင်ဖော်ပြထားသည့်အတိုင်းမဟုတ်ပါ။

Q5. ပြန်ပေးရန်ကာလကို ကာလတိုပြုလုပ်ထားလျှင် ပြန်ပေးရန်ကာလကို တိုးလို့ရနိုင်မလား။

A5. ပြန်ပေးရန်မစတင်မီ သို့မဟုတ် ပြန်ပေးနေစဉ်ကာလဖြစ်လျှင် လျှောက်

ထားခြင်းအားဖြင့်စနစ်အရသတ်မှတ်ထားသည့်ပြန်ပေးရန်အရှည်ဆုံးကာလဖြစ်သည့်(အရေးပေါ်အသေး

စားငွေကြေး အတွက် ၂နှစ်၊ အထွေထွေ

ထောက်ပံ့ကြေး အတွက် ၁၀နှစ်)အထိ ပြန်ပေးရန်ကာလကိုထပ်တိုးနိုင်ပါသည်။

ကာလပြောင်းရန်ဆန္ဒရှိလျှင် ဤကောင်စီ၏ ဟုမ်းပေ့ချ်တွင်ဖော်ပြထား

သည့် ပြန်ပေးရန်အစီအစဉ်ပြောင်းရန်လျှောက်လွှာပုံစံကို ဒေါင်းလုဒ် လုပ်

၍၊ လိုအပ်သည့်အချက်အလက်များကိုဖြည့်စွက်ကာ ကာယကံရှင်ဖြစ်

ကြောင်းစစ်ဆေးရန်အထောက်အထားစာရွက်စာတမ်းနှင့်ဝင်ငွေအခြေ

အနေကိုစစ်ဆေးနိုင်သည့်စာရွက်စာတမ်းနဲ့အတူတကွဤကောင်စီသို့တင်

ပြပါရန်။

Q6. လစဉ်ပြန်ဆပ်မည့်ငွေပမာဏကိုပြောင်း(လျှော့ချသို့မဟုတ်တိုးမြှင့်)ပြီးပြန်ဆပ်လိုရမလား။

A6. လစဉ်ပြန်ဆပ်ရမည့်ငွေပမာဏကိုပြောင်းလဲခြင်းနှင့်ပတ်သက်၍ဆွေးနွေး

ခြင်းများကိုလက်ခံနေပါသည်။သို့သော်လည်း၊လစဉ်ပြန်ဆပ်ရမည့်ငွေပမာ

ဏကို လျှော့ချ၍၊ ပြန်ပေးရန်သတ်မှတ်ထားသည့်နောက်ဆုံးနေ့ရက်မတိုင်

မီတွင် ပြန်ပေးခြင်းမပြီးဆုံးသေးလျှင် ပြန်ပေးရန်နောက်ဆုံးနေ့ရက်၏

နောက်နေ့မှစ၍ကျန်ရှိနေသေးသည့်ငွေပမာဏအပေါ်တွင်နောက်ကျကြေး

နှစ်တိုး ၃% ကိုပေးရမည်ဖြစ်ပါသည်။။

## Q5. ရွှေ့ဆိုင်းကာလ

Q1. ရွှေ့ဆိုင်းကာလဆိုတာကဘာကိုဆိုလိုတာလဲ။

A1. ပြန်ပေးခြင်းစတင်သည့်အချိန်အထိရွှေ့ဆိုင်းပေးသည့်ကာလကိုဆိုလိုပါသည်။

Q2. ရွှေ့ဆိုင်းကာလတိုးခြင်းနှင့်ပတ်သက်ပြီးအသေးစိတ် ပြောပြပေးပါ။

A2. အသေးစားလေး၀၄နှစ်(၂၀၂၂ခုနှစ်)၁၂လမတိုင်မီတွင်ပြန်ပေးရန်စတင်ရမည့်ချေးငွေနှင့်ပတ်သက်၍ ရွှေ့ဆိုင်းကာလအားလေး၀၄နှစ်(၂၀၂၂ခုနှစ်) ၁၂လပိုင်းအကုန်အထိကာလတိုးမြှင့်(လေး၀ ၅နှစ်(၂၀၂၃ ခုနှစ်)၁လမှပြန်ပေးရန်စတင်)

- အထွေထွေ(ပထမအကြိမ်)လေး၀၄နှစ်(၂၀၂၂ခုနှစ်)၁၂လမတိုင်မီတွင်စတင်ပြန်ပေးရမည့်ချေးငွေနှင့်ပတ်သက်၍ရွှေ့ဆိုင်းကာလအား လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၁၂လပိုင်းအကုန်အထိကာလတိုးမြှင့်(လေး၀ ၅နှစ်(၂၀၂၃ခုနှစ်)၁လပိုင်းမှပြန်ပေးရန်စတင်)
- အထွေထွေ(သက်တမ်းတိုးမြှင့်)ရွှေ့ဆိုင်းကာလအားလေး၀၅နှစ်(၂၀၂၃ခုနှစ်)၁၂လပိုင်းအကုန်အထိကာလတိုးမြှင့်(လေး၀၆နှစ်(၂၀၂၄ခုနှစ်)၁လပိုင်းမှပြန်ပေးရန်စတင်)
- အထွေထွေ(နောက်တကြိမ်ချေးခြင်း)ရွှေ့ဆိုင်းကာလအားလေး၀၆နှစ်(၂၀၂၄ခုနှစ်) ၁၂လပိုင်းအကုန်အထိကာလတိုးမြှင့်(လေး၀၇နှစ်(၂၀၂၅ခုနှစ်)၁လပိုင်းမှပြန်ပေးရန်စတင်)

※ရွှေ့ဆိုင်းကာလအားသက်တမ်းတိုးမြှင့်ရန်အကျုံးဝင်သူအတွက်အထက်ဖော်ပြပါအချက်အ

လက်နှင့်ပတ်သက်၍ အီဘရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့မှ လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၃လပိုင်းတွင်အကြောင်းကြားထားပါသည်။

# Q6. ချေးငွေကိုဘဏ်စာရင်းမှထုတ်ယူခြင်း

Q1. ကာယကံရှင်မဟုတ်သူ၏ဘဏ်စာရင်းမှထုတ်ယူလို့ရမလား။

A1. အခြေခံအားဖြင့်ငွေချေးယူသူ၏အမည်ဖြင့်ဖွင့်ထားသည့်ဘဏ်စာရင်းမှထုတ်ယူပါမည်။

Q2. ပြန်ပေးရန်အတွက်ဘဏ်စာရင်းကိုဘယ်လိုမှတ်ပုံတင်ရမလဲ။

A2. ငွေစုဘဏ်စာရင်းမှငွေလွှဲရန်လျှောက်လွှာကိုတင်ပါ။

※ငွေစုဘဏ်စာရင်းမှငွေလွှဲရန်လျှောက်လွှာလိုအပ်သူသည် အီဘရခိစီရင်စုလူမှုဖူလုံရေးကောင်စီအဖွဲ့သို့ဆက်သွယ်ပါရန်။သို့သော်လည်း ငွေလွှဲရန်မှတ်ပုံတင်ခြင်းအတွက် ၂လခန့်ကြာပါမည်။

Q3. ထုတ်ယူမည့်နေ့မှာဘဏ်စာရင်းထဲမှာငွေမရှိပါဘူး။ဘယ်လိုလုပ်ရမလဲ။

A3. ဘဏ်မှနုတ်ယူ၍မရခဲ့လျှင် ကွန်ဗီနီးယမ်စ်စတိုးတွင်ပေးဆောင်နိုင်သည့်ငွေပေးဆောင်သည့်ဖြတ်ပိုင်းစာရွက်ကိုပေးပို့မည်ဖြစ်သောကြောင့်၊၎င်းစာရွက်ဖြင့်ပေးဆောင်ပါရန်။

Q4. ပြန်ပေးရမည့်ငွေကိုလထုတ်စဉ်ယူမည့်နေ့ကဘယ်နေ့လဲ။

A4. အီဘရခိစီရင်စုအတွင်းတွင်ဗဟိုဆိုင်ရှိသည့်ငွေကြေးအဖွဲ့အစည်းအတွက်၂၅ရက်၊အခြားငွေကြေးအဖွဲ့အစည်းအတွက်၁၂ရက်နေ့တွင်ငွေထုတ်ယူရန်လျာထားပါသည်။(ငွေထုတ်ယူမည့်ရက်သည် စနေ၊တနင်္ဂနွေ၊ရုံးပိတ်ရက်ဖြစ်နေလျှင်နောက် ရုံးဖွင့်သည့်ရက်တွင်ထုတ်ယူပါမည်။)

## Q7. ပြန်ပေးရန်  ကင်းလွတ်ခြင်း

Q1.  လေးဝ ၄နှစ်(၂၀၂၂ခုနှစ်) ၄လနောက်ပိုင်းတွင်လက်

ခံသည့်အသေးစား၊အထွေထွေ(ပထမအကြိမ်)၊ အ

ထွေထွေ(ကာလတိုး)၊အထွေထွေ(နောက်တကြိမ်ချေးခြင်း)ဆိုင်ရာပြန်ပေးရန်ကင်းလွတ်ခွင့်နှင့်ပတ်သက်

သည့်အချိန်ဇယားကိုနောက်ထပ်အနည်းငယ်အသေး

စိတ်သိချင်ပါသည်။

A1. လေးဝ၄နှစ်(၂၀၂၂ခုနှစ်

၄လနောက်ပိုင်းတွင်လက်ခံထားသည့်အသေးစား၊အထွေထွေ(ပထမအကြိမ်)နှင့်

အထွေထွေ(ကာလတိုး)ကို လေးဝ ၅နှစ်(၂၀၂၃ခုနှစ်) ၆လ၊ အထွေထွေ(နောက်တကြိမ်ချေးခြင်း)ကို

လေးဝ ၆နှစ်(၂၀၂၄ ခုနှစ်) ၆လပိုင်းတွင်ကင်းလွတ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍လမ်းညွှန်ချက်

ကိုပေးသွားမည်ဖြစ်ပြီး၊လျှောက်ထားရန်ကာလအားချေးငွေတခုစီအတွက် ၆လ မှ

၈လအထိလျာထားပါ

သည်။တဖန်

လမ်းညွှန်ချက်ထဲတွင်ကင်းလွတ်ခွင့်လျှောက်လွှာလည်းထည့်ထားမည်ဖြစ်သောကြောင့်၊လမ်း

ညွှန်ချက်ရောက်လာမည်ကိုစောင့်ဆိုင်းပါရန်။ဤကာလအတွင်းတွင်အိမ်ပြောင်းခဲ့လျှင်မပျက်မကွက်အ

ကြောင်းကြားပါရန်။

※ပြန်ပေးရန်ကင်းလွတ်ခွင့် အချိန်ဇယားကို အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့၏ HP

တွင်ရေးသားထားသောကြောင့်၎င်းကိုလည်းကြည့်ရှုပါရန်။

Q2. ဘယ်လိုလုပ်ရင်ပြန်ပေးရန်ကင်းလွတ်ခွင့်ရမလဲ။

A2. ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်လျှောက်ထားရန်လိုအပ်ပါသည်။ ချေးပေးထားသည့်ငွေကြေးအမျိုးအစားနှင့်လိုက်၍ ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်လျှောက်ထားရမည့်အချိန်ကာလများမတူညီပါ။ လေးဝ ၄နှစ် (၂၀၂၂ခုနှစ်) ၄လ နောက်ပိုင်းတွင်လက်ခံထားသည့် အသေးစား၊အထွေထွေ(ပထမအကြိမ်)နှင့်အထွေထွေ(ကာလတိုး)နှင့်ပတ်သက်၍ လေးဝ ၅နှစ်(၂၀၂၃ခုနှစ်)ဘဏ္ဍာရေးနှစ်တွင်ချေးယူထားသူနှင့်အိမ်ထောင်ဦးစီးဖြစ်သူသည်နေထိုင်ခွန်ကင်းလွတ်ခွင့်(အညီအမျှပေးဆောင်ရသည့်အခွန်၊ဝင်ငွေအပေါ်ပေးဆောင်ရသည့်အခွန်နှစ်ခုစလုံး)ရခဲ့လျှင် ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးဝင်ပါမည်။

Q3. မေး-ချေးယူထားသည့်ကာယကံရှင်ကကွယ်လွန်သွားခဲ့လျှင်၊ ပြန် ပေးရန်ကင်းလွတ်ခွင့်ရမလား။

A3. ပြန်ပေးရန်ကင်းလွတ်ခြင်းဆိုင်ရာသတ်မှတ်ချက်များနှင့်အကျုံးဝင်မည်ဖြစ်သောကြောင့်၊ အမွေဆက်ခံသူစသည်တို့မှမိမိထံတွင်ရှိနေသည့်စာအိတ်ပေါ်တွင်အမည်စသည်တို့ပြောင်းလဲမှုရှိကြောင်းအကြောင်းကြားခြင်း(အကျုံးဝင်သည့်အချက်ကိုအဝိုင်း○ဝိုင်း၍၊လိုအပ်သည့်အချက်အလက်များကိုရေးသွင်းထားရမည်)နှင့်ချေး

ယူသူသေဆုံးကြောင်းစစ်ဆေးနိုင်သည့်စာရွက်စာတမ်းများကို

ထည့်၍၊ မိမိနေထိုင်နေသောမြို့မြို့နယ်၊ ကျေးရွာလူမှုဖူလုံရေး

ကောင်စီအဖွဲ့သို့လျှောက်ထားပါ။လျှောက်ထားလာသည့်စာရွက်

စာတမ်းများဖြင့်လုပ်ငန်းဆောင်တာများကိုဆောင်ရွက်သွားပါ

မည်။ စီရင်စုအတွင်းရှိမြို့ မြို့နယ်၊ ကျေးရွာလူမှုဖူလုံရေးကောင်

စီ၏တည်နေရာနှင့်ပတ်သက်၍ဤအဖွဲ့၏ဟုမ်းပေ့ချ်တွင်ရေးသား

ထားသောကြောင့်ကြည့်ရှုပါရန်။ သို့သော်လည်းလျှောက်ထား

မည့်သူသည်အခြားစီရင်စုတွင်နေထိုင်နေလျှင်ဤအဖွဲ့၏လိပ်စာ

(〒310-8586 MiTo-Shi, Senba-Cho 1918) သို့လိပ်မူ၍တိုက်ရိုက်ပေးပို့ပါရန်ပန်ကြားအပ်ပါသည်။

(အမည်စသည်တို့ပြောင်းလဲကြောင်းအကြောင်းကြားစာကိုအီဘ

ရာခီစီရင်စုလူမှုဖူလုံရေးကောင်စီအဖွဲ့၏ＨＰမှဒေါင်းလုပ်ခ်လုပ်

နိုင်ပါသည်။) သို့သော်လည်း၊ ကွယ်လွန်ပြီးနောက်တွင်ပေးပို့ ထားသည့်ချေးငွေနှင့် ပတ်သက်၍

လွတ်ငြိမ်းခွင့်မရပါ။

<u>Q4. ပြန်ပေးရန်ကင်းလွတ်ခွင့်ကိုလျှောက်ထားတာကဘယ်အချိန်အထိ လျှောက်ထားလို့ရမလဲ။</u>

A4. လေးဝ ၄နှစ်(၂၀၂၂ခုနှစ်) ၃လပိုင်းမကုန်မီအထိလက်ခံထားသည့်အသေး

စား၊ အထွေထွေ(ပထမအကြိမ်)အတွက်လျှောက်ထားခြင်းနှင့်ပတ်သက်

သည့်ဆွေးနွေးခြင်းများကိုအမြဲတမ်းလက်ခံဆွေးနွေးပေးနေပါသည်။

လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၄လနောက်ပိုင်းတွင်လက်ခံထားသည့်အသေး

စား၊ အထွေထွေ(ပထမအကြိမ်)နှင့် အထွေထွေ(ကာလတိုး)နှင့်ပတ်

သက်၍လေး၀ ၅နှစ်(၂၀၂၃ခုနှစ်) ၈လ ၃၁ရက်(သတ်မှတ်ထားသည့်

ရက်အတွင်းတွင်ပေးပို့ထားသည့်တံဆိပ်တုံးရိုက်နှိပ်ထားလျှင်အကျုံး၀င်

သည်)အထိဖြစ်ပါသည်။

<u>Q5. ကင်းလွတ်ခွင့်လျှောက်ထားဖို့ကပြန်ပေးဖို့ကင်းလွတ်ခွင့်လျှောက်ထားရန်ကာလအတွင်းလျှောက်ထားနိုင်မဲ့ပုံမပေါ်ဘူး။ဘယ်လိုလုပ်ရင်ကောင်းမလဲ။</u>

A5. လျှောက်ထားရမည့်နောက်ဆုံးကာလ(လေး၀ ၅နှစ်(၂၀၂၃ခုနှစ်) ၈လ ၃၁ ရက်(သတ်မှတ်ထားသည့်ရက်အတွင်းတွင်ပေးပို့ထားသည့်တံဆိပ်တုံးရိုက်နှိပ်ထားလျှင်အကျုံး၀င်သည်)) နောက်ပိုင်းတွင် လျှောက်ထားခဲ့လျှင်ပြန်ပေးရန်ကင်းလွတ်ခွင့်နှင့်ပတ်သက်သည့်လုပ်ငန်းဆောင်တာများပြုလုပ်ရန်နောက်ကျသွား၍၊ တစိတ်တပိုင်းကိုပြန်ပေးရန်စတင်နေသည့်အခါများလည်းရှိတတ်ပါသည်။ ပြန်ပေးပြီးသွားသည့်ငွေကြေးများသည် ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးမ၀င်ပါ။

<u>Q6. အခွန်ကင်းလွတ်ခွင့်ရခဲ့ရင်အားလုံးကိုတစုတစည်းတည်းပေါင်းပြီး(ယူထားသည့်ငွေ ၄ ခုလုံးလည်း) ကင်းလွတ်ခွင့်ရမလား။</u>

A6. ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်ဆုံးဖြတ်ခြင်းကိုထောက်ပံ့ကြေးတခုစီအလိုက်ပြုလုပ်ပါမည်။လေး၀

၄နှစ်(၂၀၂၂ခုနှစ်)၃လပိုင်းမတိုင်မီတွင်လက်ခံထားသည့်အသေးစားနှင့်အထွေထွေ(ပထမအကြိမ်)ကို လေး၀ ၄နှစ်ဘဏ္ဍာရေးနှစ်၊လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၄လနောက်ပိုင်းတွင်လက်ခံထားသည့် အသေးစား၊ အထွေထွေ(ပထမအကြိမ်)နှင့် အထွေထွေ(ကာလတိုး)ကို လေး၀ ၅နှစ်ဘဏ္ဍာရေးနှစ်၊ အထွေထွေ(နောက်တကြိမ်ချေးဌားခြင်း)ကိုလေး၀ ၆နှစ်(၂၀၂၄ခုနှစ်)ဘဏ္ဍာရေးနှစ်တွင်ပြုလုပ်ပါမည်။

<u>Q7.　စားဝတ်နေရေးထောက်ပံ့မှုကိုယူနေခဲ့ရပါသည်။ပြန်ပေးဖို့ကင်းလွတ်ခွင့်ရမလား။</u>

A7.　ပြန်ပေးရန်စတင်ပြီးနောက်ပိုင်းတွင် စားဝတ်နေမှုအတွက်ထောက်ပံ့ကြေးကိုလက်ခံယူနေခဲ့လျှင် ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်လိုအပ်သည့်အချက်အလက်နှင့်အကျုံးဝင်ပါသည်။ လျှောက်ထားရန်စာရွက်စာတမ်းနှင့်ပတ်သက်၍ ဆက်သွယ်လာလျှင်ပေးပို့သွားမည်ဖြစ်ပါသည်။ လေး၀ ၄နှစ်(၂၀၂၂ခုနှစ်)၄လနောက်ပိုင်းတွင်လက်ခံထားသည့်အရေးပေါ်အသေးစားငွေကြေး၊ အထွေထွေထောက်ပံ့ကြေး(ပထမအကြိမ်)နှင့်အထွေထွေထောက်ပံ့ကြေး(ကာလတိုး)ကိုချေးယူထားသူဖြစ်ပြီး၊ လျှောက်ထားရန်ဆန္ဒရှိသူနှင့်ပတ်သက်၍ လေး၀ ၅နှစ်(၂၀၂၃ခုနှစ်) ၁၀လ နောက်ပိုင်းတွင်အီဘရခီစီရင်စု　လူမှုဖူလုံရေးကောင်စီ　စားဝတ်နေမှုထောက်ပံ့ရေးဌာန　၀၂၉-၂၉၇-၆၅၅၆　သို့ဆက်သွယ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

<u>Q8.　နေထိုင်ကြောင်းထောက်ခံစာကိုခွဲလိုက်ရင်ဘယ်လိုဖြစ်လာမလဲ။ (လိပ်စာမပြောင်းသော်လည်း၊ တဦးတည်းအိမ်ထောင်စုအဖြစ်ပြောင်းလိုက်ခြင်းစသဖြင့်)</u>

A8. ပြန်ပေးရန်ကင်းလွတ်ခွင့်ရယူရန်အတွက်အိမ်ထောင်စုခွဲလိုက်လျှင်၊ပြန်ပေးရန်လွတ်ကင်းခွင့်အတွက်အကျုံးမဝင်ပါ။

Q9. ငွေချေးရန်လျှောက်ထားစဉ်အချိန်နှင့်ပြန်ပေးရန်ကင်းလွတ်ခွင့်လျှောက်ထားစဉ်အချိန်တွင်အိမ်ထောင်ဦးစီးပြောင်းသွားခဲ့ရင်ဘယ်လိုဖြစ်မလဲ။

A9. ပြန်ပေးရန်ကင်းလွတ်ခွင့်ကိုရယူရန်အတွက်အိမ်ထောင်ဦးစီးကိုပြောင်းခဲ့လျှင်ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးမဝင်ပါ။

Q10. ပြန်ပေးဖို့ကင်းလွတ်ခွင့်လုပ်ငန်းစဉ်ကဘယ်အချိန်မတိုင်မီအထိလုပ်ရမှာလဲ။

A10. လေးဝ ၄နှစ်(၂၀၂၂ခုနှစ်) ၃လပိုင်းမကုန်မီအထိလက်ခံထားသည့် အသေးစား၊အထွေထွေ(ပထမအကြိမ်)နှင့်ပတ်သက်သောလျှောက်ထားမှုနှင့်ပတ်သက်သည့်ဆွေးနွေးမှုများကိုအမြဲတမ်းလက်ခံဆွေးနွေးနေပါသည်။

လေးဝ ၄နှစ်(၂၀၂၂ခုနှစ်)၄လနောက်ပိုင်းတွင်လက်ခံထားသည့်အသေးစား၊အထွေထွေ(ပထမအကြိမ်)နှင့်ပတ်သက်၍ လေးဝ ၅နှစ်(၂၀၂၃ခုနှစ်) ၈လ ၃၁ ရက်(သတ်မှတ်ထားသည့်ရက်အတွင်းတွင်ပေးပို့ထားသည့်တံဆိပ်တုံးရိုက်နှိပ်ထားလျှင်အကျုံးဝင်သည်)အထိဖြစ်ပါသည်။

Q11. ရွှေ့ဆိုင်းကာလအတွင်းမှာလူမွဲခံသွားရင်ဘယ်လိုဖြစ်မလဲ။

A11. မိမိကလူမွဲခံကြောင်းလျှောက်ထားစဉ်တွင်အထူးချေးငွေဆိုင်ရာကြွေးမြီနှင့်ပတ်သက်၍တင်ပြထားလျှ

င်၊လွတ်ငြိမ်းခွင့်ရကြောင်းဆုံးဖြတ်ခြင်းအတည်ပြုလျှင်လူမွဲခံလုပ်ထုံးလုပ်နည်းစတင်ပြီးနောက်တွင် ချေးသောငွေနှင့်အခွန်ငွေ၊ဒဏ်ငွေစသည်တို့မပါသည့်ကြွေးမြီကိုပြန်ဆပ်ရန်မလိုအပ်တော့ပါ။

Q12.  ကျွန်တော်/မကပြန်ပေးဖို့ကင်းလွတ်ခွင့်ရမလား။

A12.  လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၄လ နောက်ပိုင်းတွင်လက်ခံထားသည့် အသေးစား၊ အထွေထွေ(ပထမအကြိမ်) နှင့်အထွေထွေ(ကာလတိုး)နှင့်ပတ်သက်၍လေး၀ ၅နှစ်(၂၀၂၃ ခုနှစ်)ဘဏ္ဍာရေးနှစ်တွင် ချေးယူသူနှင့် အိမ်ထောင်ဦးစီးနှစ်ဦးစလုံး「နေထိုင်ခွန်အညီအမျှပေးဆောင်ရသည့်အခွန်၊ဝင်ငွေအပေါ်အချိုးကျပေးဆောင်ရသည့်အခွန်နှစ်ခုစလုံး အခွန်ကင်းလွတ်ခွင့်」 ရခဲ့လျှင်ကင်းလွတ်ခွင့်လျှောက်ထားသည့်အပေါ်မူတည်၍ ကင်းလွတ်မည်ဖြစ်ပါသည်။လေး၀ ၄နှစ်(၂၀၂၂ခုနှစ်) ၃လပိုင်းမကုန်မီအထိတွင်လက်ခံထားသည့် အသေးစား၊ အထွေထွေ(ပထမအကြိမ်)အတွက် လျှောက်ထားခြင်းနှင့်ပတ်သက်သည့်ဆွေးနွေးခြင်းများကိုအမြဲတမ်းလက်ခံနေသည့်အတွက်ဆက်သွယ်ပါရန်။ သို့သော်လည်း ကင်းလွတ်ခွင့်ကိုအတည်ပြုဆုံးဖြတ်ရန်အတွက် တင်လာသည့်စာရွက်စာတမ်းများကိုစစ်ဆေး၍ဆုံးဖြတ်ပါမည်။

Q13.  ပြန်ပေးရန်ကင်းလွတ်ခွင့်ကိုလျှောက်ထားဖို့ဘယ်လိုလုပ်ရမလဲ။

A13. ပြန်ပေးခြင်းမစမီ (ရွှေ့ဆိုင်းကာလအတွင်း) တွင်ဤကောင်စီအဖွဲ့(အီဘရခိစီရင်စုလူမှုဖူလုံရေးကောင်စီအဖွဲ့) မှချေးယူထားသူများသို့တိုက်ရိုက်လမ်းညွှန်ချက်များပေးပို့သွားပါမည်။လမ်းညွှန်ချက်ရောက်ရှိ

ပြီးသည့်နောက်တွင်ကင်းလွတ်ခွင့်လျှောက်ထားခဲ့လျှင်အောက်ပါစာရွက်စာတမ်းများကိုတင်ရန်လိုအပ်ပါသည်။

- ကင်းလွတ်ခွင့်လျှောက်လွှာ
- မိသားစုအခြေအနေအရ (ချေးယူသူ) သာ သို့မဟုတ် (ချေးယူသူ) နှင့် (အိမ်ထောင်ဦးစီး) ၏အခွန်ချမှတ်ထားကြောင်းထောက်ခံစာသို့မဟုတ်
- အခွန်ကင်းလွတ်ကြောင်းထောက်ခံစာ
- အိမ်ထောင်စုဝင်အားလုံး၏နေထိုင်ကြောင်းထောက်ခံစာ

  (တော်စပ်ပုံကိုရေးသားထားသည့်ထောက်ခံစာ)

Q14. ဘာကြောင့်ပြန်ပေးရန်ကင်းလွတ်ခွင့်မရတာလဲ။

A14. ချေးယူသူသို့မဟုတ်၎င်းအိမ်ထောင်ဦးစီးသည်အခွန်ဆောင်ရသူဖြစ်လျှင်ကင်းလွတ်ခွင့်မရပေ။ (နေထိုင်ခွန်ကိုပေးဆောင်နေသောကြောင့်) ထို့အပြင်နေထိုင်ခွန်ကင်းလွတ်ခွင့်ရထားသော်လည်းကင်းလွတ်ခွင့်ပြုရန်လျှောက်ထားခြင်းမရှိလျှင်ကင်းလွတ်ခွင့်ရမည်မဟုတ်ပေ။

Q15. မိမိကပြန်ပေးဖို့ကင်းလွတ်ခွင့်ရမရမသိပါဘူး။ (ဆုံးဖြတ်ချက်ချသည့်အခါအကျုံးဝင်မည့်အခွန်ချမှတ်သည့်အချက်အလက်)

A15. လေး၀၄နှစ် (၂၀၂၂ခုနှစ်) ၃လပိုင်းမတိုင်မီလက်ခံထားသည့် (၁) အသေးစား (၂) အထွေထွေ (ပထမအကြိမ်) နှင့်ပတ်သက်၍လေး၀၃နှစ် (၂၀၂၁ခုနှစ်) ဘဏ္ဍာရေးနှစ်သို့မဟုတ်လေး၀၄နှစ် (၂၀၂၂ခုနှစ်) ဘဏ္ဍာရေးနှစ်တွင်ချေးယူသူ၊ချေးယူသူ၏အိမ်ထောင်ဦးစီး၂ဦးလုံး (နေထိုင်ခွန်အညီအမျှအချိုး၀င်ငွေအပေါ်အချိုး

၂ခုစလုံးအခွန်ကင်းလွတ်ခွင့်) ရခဲ့လျှင်ကင်းလွတ်ခွင့်ရယူရန်အကျုံးဝင်ပါသည်။လေးဝ၄နှစ် (၂၀၂၂ခုနှစ်) ၄လနောက်ပိုင်းတွင်လက်ခံထားသည့် (၁) အသေးစား (၂) အထွေထွေ (ပထမအကြိမ်) နှင့်ပတ်သက်၍ လေး၀၅နှစ် (၂၀၂၃ခုနှစ်) ဘဏ္ဍာရေးနှစ်တွင်ချေးယူထားသူ၊ချေးယူထားသူ၏အိမ်ထောင်ဦးစီး၂ဦးလုံး (နေထိုင်ခွန်အညီအမျှအချိုးဝင်ငွေအပေါ်အချိုး၂ခုစလုံးအခွန်ကင်းလွတ်ခွင့်) ရခဲ့လျှင်ကင်းလွတ်ခွင့်ရယူရန်အကျုံးဝင်ပါသည်။ (၃) အထွေထွေ (ကာလတိုး) ချေးယူထားသူ၊ချေးယူထားသူ၏အိမ်ထောင်ဦးစီး၂ဦးလုံးလေး၀၅နှစ် (၂၀၂၃ခုနှစ်) ဘဏ္ဍာရေးနှစ်တွင် (နေထိုင်ခွန်အညီအမျှအချိုးဝင်ငွေအပေါ်အချိုး၂ခုစလုံးအခွန်ကင်းလွတ်ခွင့်) ရခဲ့လျှင်ကင်းလွတ်ခွင့်ရယူရန်အကျုံးဝင်ပါသည်။ (၄) အထွေထွေ (နောက်တကြိမ်ချေးခြင်း) ချေးယူသူ၊ချေးယူသူ၏အိမ်ထောင်ဦးစီး၂ဦးလုံးကလေး၀၆နှစ် (၂၀၂၄ခုနှစ်) ဘဏ္ဍာရေးနှစ်တွင် (နေထိုင်ခွန်အညီအမျှအချိုးဝင်ငွေအပေါ်အချိုး၂ခုစလုံးအခွန်ကင်းလွတ်ခွင့်) ရခဲ့လျှင်ကင်းလွတ်ခွင့်ရယူရန်အကျုံးဝင်ပါသည်။အထက်ဖော်ပြပါအခြေအနေတွင်လည်းကင်းလွတ်ခွင့်မလျှောက်ထားခဲ့လျှင်၊ပြန်ပေးရန်ကင်းလွတ်ခွင့်ရမည်မဟုတ်ပေ။ကင်းလွတ်ခွင်လျှောက်ထားခြင်းအပေါ်မူတည်၍ကင်းလွတ်ကြောင်းဆုံးဖြတ်ခဲ့လျှင်ပြန်ပေးရန်ကင်းခွင့်ရမည်ဖြစ်ပါသည်။

<u>Q16.　ကင်းလွတ်ခွင့်ရကြောင်းကိုဘယ်တော့သိရမလဲ။</u>

A16.　လေး၀ ၅နှစ်(၂၀၂၃ခုနှစ်)ဘဏ္ဍာရေးနှစ်သည်ဆုံးဖြတ်ပေးရမည့်ဘဏ္ဍာရေးနှစ်ဖြစ်သူဖြစ်ပြီး၊ကင်းလွတ်ခွင့်လျှောက်ထားသူအား လေး၀ ၅နှစ်(၂၀၂၃ခုနှစ်) ၁၁လ အကုန်ပိုင်းလောက်တွင် ကင်းလွတ်ခွင့် ရ၊မရ နှင့်ပတ်သက်၍ အသိပေးအကြောင်းကြားပါမည်။

Q17. ကင်းလွတ်ခွင့်မရရင်ဘယ်လိုလုပ်ရမလဲ။

A17. ပြန်ပေးရန်လုပ်ငန်းစဉ်များဆောင်ရွက်ရန်လိုအပ်ပါသည်။ဘဏ်စာရင်းမှငွေလွှဲရန်မှတ်ပုံမတင်ရသေးလျှင်၊စုငွေဘဏ်စာရင်းမှငွေလွှဲလွှာဖြင့်ထုတ်ယူနိုင်မည့်ဘဏ်စာရင်း၏အချက်အလက်များကိုတင်ပြပါ။သို့မဟုတ်ဤဌာနမှပေးပို့သောငွေပေးလွှာကိုအသုံးပြု၍ပေးချေပါ။

Q18. ငွေချေးယူစဉ်တွင် ချေးယူသူနှင့် အခြားအိမ်ထောင်စုဝင်ဖြစ်သူသည် လက်ထပ်ထိမ်းမြားခြင်းအားဖြင့်ပြန်ပေးချိန်တွင်ချေးယူသူမိသားစု၏အိမ်ထောင်ဦးစီးဖြစ်လာခဲ့လျှင်အခွန်ကင်းလွတ်ခွင့်ရှိမရှိနှင့်ပတ်သက်၍စစ်ဆေးမှုကဘယ်လိုဖြစ်မလဲ။

A18. ချေးယူသူသည်နေထိုင်ခွန်ကင်းလွတ်ခွင့်ရလျှင်၊ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးဝင်ပါသည်။အိမ်ထောင်ဦးစီး၏ပြောင်းဝင်သည့်နေ့ကိုရေးသားထားသည့်နေထိုင်ကြောင်းထောက်ခံစာကိုတင်ပြရန်လိုအပ်ပါသည်။

Q19. ကိုရိုနာရောဂါကူးစက်ခံလိုက်ရလို့ ကင်းလွတ်ခွင့်လိုချင်ပါသည်။

A19. ကင်းလွတ်ခွင့်ရရန်လိုအပ်သည့်အချက်အလက်များကိုကြည့်ပါ။ပြန်ပေးရန်ကင်းလွတ်ခြင်းအတွက်လိုအပ်သည့်အချက်အလက်များအဖြစ်အကျုံးမဝင်ပါ။

Q20. ကျွန်တော်/မ ကကင်းလွတ်ခွင့်ရလားသိချင်လို့ပါ။

※ကင်းလွတ်ခွင့်နှင့်ပတ်သက်ပြီးဘယ်လိုဆုံးဖြတ်နေပါသလဲစသဖြင့်ကင်းလွတ်ခွင့်ဆုံးဖြတ်မှုနှင့်ပတ်

သက်သည့်မေးမြန်းမှု

A20. ကင်းလွတ်ခွင့်အတွက်ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍ ဖုန်းဖြင့်ရှင်းလင်းပြော ကြားခြင်းမရှိပါ။လေးဝ ၅နှစ်(၂၀၂၃ခုနှစ်) ဘဏ္ဍာရေးနှစ်သည် ဆုံးဖြတ် ရမည့်ဘဏ္ဍာရေးနှစ်ဖြစ်သူဖြစ်ပြီး ကင်းလွတ်ခွင့်လျှောက်ထားရန်လုပ်ငန်း ဆောင်တာများကိုဆောင်ရွက်ထားသည့်ပုဂ္ဂိုလ်ဖြစ်လျှင် ကင်းလွတ်ခွင့်ရ၊ မရ နှင့်ပတ်သက်၍ လေးဝ ၅နှစ်(၂၀၂၃ ခုနှစ်) ၁၁ လ အကုန်ခန့်တွင် အသိ ပေးမည်ဖြစ်သောကြောင့်အကြောင်းကြားစာတွင်ဖတ်ရှုပါရန်မေတ္တာရပ်ခံ အပ်ပါသည်။

Q21. ချေးငွေ၊ ကင်းလွတ်ခွင့်စသည့်သတင်းအချက်အလက် များကို သတ်မှတ်ထားတဲ့Credit Information Center(CIC)ကိုပေးမှာလား။

A21. ငွေချေးခြင်း၊ကင်းလွတ်ခြင်း၊ပြန်ပေးခြင်းစသည့်သတင်းအချက်အလက်များကိုခရက်ဒစ်အချက်အလ က်ဗျူရို

(Credit Information Bureau)သို့ပေးပို့တင်ပြမည်မဟုတ်ပေ။

Q22. မသန်စွမ်းသူလက်မှတ်ထုတ်ပေးခြင်းကိုလက်ခံရယူထားပါ တယ်၊ပြန်ပေးရန်ကင်းလွတ်ခွင့်ရမလား။

A22. ပြန်ပေးရန်စတင်ပြီးသည့်နောက်ပိုင်းတွင်စိတ်ပိုင်းဆိုင်ရာမသန် စွမ်းသူအတွက်ကျန်းမာရေးနှင့်လူမှုဖူလုံရေးစာအုပ် (အဆင့် ၁)

သို့မဟုတ်ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူစာအုပ်(အဆင့် ၁ သို့မ

ဟုတ် အဆင့် ၂)ထုတ်ပေး ခြင်းကိုလက်ခံရယူခဲ့လျှင်၊ ပြန်ပေး

ရန်ကင်းလွတ်ခြင်းဆိုင်ရာသတ်မှတ်ချက်နှင့်အကျုံးဝင်သော်

လည်း၊ လေး၀ ၂ ခုနှစ်(၂၀၂၀ခုနှစ်) ၃လ ～ လေး၀ ၄ခုနှစ်

(၂၀၂၂ခုနှစ်) ၃လမကုန်မီတွင် စီရင်စုလူမှုဖူလုံရေးကောင်စီအဖွဲ့

၌လက်ခံထားသည့်အသေးစားငွေကြေးနှင့် အထွေထွေထောက်ပံ့

ကြေး(ပထမအကြိမ်ချေးငွေ)နှင့်ပတ်သက်၍ပြန်ပေးရန်မစတင်

သေးလျှင်လည်း လျှောက်ထားခြင်းကိုလက်ခံနေပါသည်။

လျှောက်ထားရန်ဆန္ဒရှိသူအားၤင်းအတွက်သတ်မှတ်ထားသည့်

လျှောက်လွှာပုံစံ(၁-၂)ကိုပေးပို့ပေးမည်ဖြစ်သောကြောင့်၊ တစ်

ကြိမ် အီဘာရခီစီရင်စုလူမှုဖူလုံရေးကောင်စီစားဝတ်နေရေး

ထောက်ပံ့ရေးဌာန ၀၂၉-၂၉၇-၆၅၆ သို့ဖုန်းဆက်ကာနံပါတ်

၂ကိုနှိပ်၍ဆက်သွယ်ပါရန်ပန်ကြားအပ်ပါသည်။

## Q8. အချက်အလက်များပြောင်းလဲရန်လျှောက်ထားခြင်း

Q1. အိမ်ပြောင်းလိုက်တဲ့အတွက်ကြောင့်ဘယ်လိုလုပ်ရင်ကောင်းမလဲ။

A1 (အမည်စသည်တို့ပြောင်းရန်လျှောက်ထားခြင်း) နှင့် (နေထိုင်ကြောင်းထောက်ခံစာမိတ္တူ (ယခင်လိပ်စာနှင့်ယခုလိပ်စာကိုရေးသားထားသည့်အရာ၊ထုတ်ပေးသည့်နေ့မှ၃လအတွင်းထုတ်ယူထားသည့်အရာ၊အိမ်ထောင်စုဝင်အားလုံးရေးသားထားသည့်အရာ) ) ကိုတင်ပါ။ (အမည်စသည်တို့ပြောင်းရန်လျှောက်ထားနည်းနှင့်ပတ်သက်၍၊ အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့၏ HPတွင်ရေးသားထား၍၊ တင်ရန်လျှောက်လွှာပုံစံလည်း ဒေါင်းလုဒ် လုပ်နိုင်ပါသည်။) စီရင်စုအတွင်းသို့ ပြောင်းရွှေ့လာလျှင် နေထိုင်နေသောမြို့နယ်၊မြို့ရွာ၏လူမှုဖူလုံရေးကောင်စီအဖွဲ့သို့ပေးပို့ပါရန်။စီရင်စုပြင်ပသို့ပြောင်းရွှေ့သွားလျှင်ဤအဖွဲ့သို့တိုက်ရိုက်ပေးပို့ပါရန်။စီရင်စုအတွင်းရှိမြို့၊မြို့နယ်၊ကျေးရွာ၏လူမှုဖူလုံရေးကောင်စီအဖွဲ့၏လိပ်စာတည်နေရာနှင့်ပတ်သက်၍ ဤအဖွဲ့၏ဟုမ်းပေ့ချ်တွင်ရေးသားထားသောကြောင့်ကြည့်ရှုပါရန်။

※လက်ဝယ်ရှိနေသည့်စာအိတ်ကိုအသုံးပြု၍အဖွဲ့သို့ပေးပို့မည့်သူသည် အီဘာရခိစီရင်စု မိတိုးမြို့ ဆဲန်းဘမြို့နယ် အမှတ် ၁၉၁၈၊ စာတိုက်အမှတ် (၃၁၀-၈၅၈၆)၊ (သို့/ အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့ စားဝတ်နေရေးဆိုင်ရာထောက်ပံ့ရေးဌာန ) ဟုလိပ်မူ၍ပေးပို့ပါရန်။

Q2. အမည်ပြောင်းလိုက်ရင်ဘယ်လိုမျိုးလုပ်ငန်းစဉ်တွေလုပ်ဖို့လိုပါသလဲ။

A2. (အမည်စသည်တို့ကိုပြောင်းရန်လျှောက်ထားခြင်း) နှင့် (နေထိုင်ကြောင်းထောက်ခံစာမိတ္တူမှန် (မိသားစုအမည်အသစ်ကိုရေးသားထားသည့်အရာ၊ထုတ်ပေးသည့်နေ့ရက်မှ ၃လအတွင်း ထုတ်ယူထားသည့်အရာ၊အိမ်ထောင်စုဝင်အားလုံး၏အမည်ကိုရေးသားထားသည့်အရာ)) ကိုနေထိုင်နေသောမြို့ မြို့နယ်၊ ရွာလူမှုဖူလုံရေးကောင်စီအဖွဲ့သို့ပေးပို့ပါရန်။ (အမည်စသည်တို့ကိုပြောင်းလဲရန်လျှောက်ထားနည်းနှင့်ပတ်သက်၍၊ အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့၏ HPတွင်ရေးသားထားပါသည်။၎င်းနှင့်အတူ တင်ရမည့်လျှောက်လွှာပုံစံလည်း ဒေါင်းလုဒ် လုပ်နိုင်ပါသည်။) စီရင်စုအတွင်းရှိ မြို့၊မြို့နယ်၊ကျေးရွာလူမှုဖူလုံရေးကောင်စီအဖွဲ့၏တည်နေရာလိပ်စာနှင့်ပတ်သက်၍ အီဘာရခိ စီရင်စုလူမှုဖူလုံရေးကောင်စီ အဖွဲ့၏HPတွင်ရေးသားထားသောကြောင့် ကြည့်ရှုပါရန်။

# Q9. နိုင်ငံခြားသားများအတွက်ဆောင်ရွက်မှု

Q1. ဂျပန်ဘာသာမဟုတ်သည့်ရှင်းလင်းချက်ကိုပို့ပေးစေချင်ပါသည်။ (လိုချင်သည့်ဘာသာစကားနှင့်ရေးထားသည့်ရှင်းလင်းချက်)

A1. ဂျပန်ဘာသာစကားမဟုတ်သည့်အခြားဘာသာစကားဖြင့်ရှင်းလင်းချက်စာရွက်စာတမ်းများမပို့ပါ။ ဟုမ်းပေ့ချ်တွင်အင်္ဂလိပ်၊တရုတ်၊ကိုးရီးယား၊ပေါ်တူဂီ၊စပိန်၊မြန်မာ၊ဘင်္ဂါလီ၊ဗီယက်နာမ်၊နီပေါဘာသာစကားဖြင့်FAQကိုဖော်ပြထားပါသည်။

Q2. ကာလရှည်နိုင်ငံကိုပြန်သွားခဲ့ပါသည်။နိုင်ငံခြားမှာအလုပ်လုပ်နေခဲ့ပါသည်ဆိုသူလည်း၊ အခွန်ကင်းလွတ်ကြောင်းထောက်ခံစာနှင့်နေထိုင်ကြောင်းထောက်ခံစာကိုတင်ပြလျှင်ပြန်ပေးရန်လွတ်ငြိမ်းခွင့်ရမလား။

A2. ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်အကျုံးဝင်ပါသည်။သို့သော်လည်း ၂၀၂၂ ခုနှစ် ၁ လ ၁ ရက်တွင်ဂျပန်နိုင်ငံတွင်နေထိုင်ခြင်းမရှိလျှင်၊အခွန်ကင်းလွတ်ကြောင်းထောက်ခံစာထုတ်ပေးမည့်မဟုတ်သည့်အတွက်ကြောင့်၊ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်လိုအပ်သည့်အချက်အလက်မပြည့်စုံပါ။

# Q10. အခြား

Q1. ကင်းလွတ်ခွင့်လျှောက်လွှာကိုတိုက်ရိုက်ပေးချင်ပါ သည်။

A1. ပြန်ပေးရန်ကင်းလွတ်ခွင့်အတွက်လျှောက်လွှာတင်ရမည့်နေရာမှာ အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီ ဖြစ်ပါသည်။လျှောက်လွှာကိုအခြေခံအားဖြင့်စာတိုက်မှပို့ခြင်းကိုလက်ခံနေပြီး၊ စာအိတ်ထဲတွင်ထည့်၍ပို့ထားသည့်ပြန်ပို့ရန်စာအိတ်ကိုအသုံးပြု၍ပေးပို့လျှင်၊စာပို့ခကို အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့မှကျခံပါမည်။

Q2. အီဘာရခိ စီရင်စု လူမှုဖူလုံရေးကောင်စီအဖွဲ့၏ဖုန်းနံပါတ်ကိုပေးပါ။

A2. အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ဆက်သွယ်ပါရန်။၀၂၉-၂၉၇-၆၅၂၆ (ရုံးဖွင့်ရက် ၈ : ၃၀～၁၇ : ၁၅)

Q3. ကိုယ်ရေးသတင်းအချက်အလက်ကိုပို့ရမှာဖြစ်ပါသည်။အဲဒီအချက်အလက်တွေကိုဘယ်လိုကိုင်တွယ်ဆောင်ရွက်မှာလဲ။

A3. လူမှုဖူလုံရေးကောင်စီအဖွဲ့တွင်ကိုယ်ရေးအချက်အလက်ထိန်းသိမ်းခြင်းဆိုင်ရာစည်းမျဥ်းစည်းကမ်းကို ချမှတ်ကာဒင်းစည်းမျဥ်းအတိုင်းလိုက်နာ၍လုပ်ငန်းများကိုစီမံဆောင်ရွက်နေပါသည်။ပေးပို့လာသည့် ကိုယ်ရေးအချက်အလက်များကိုယခုဆောင်ရွက်နေသောလုပ်ငန်းဆောင်တာအတွက်သာအသုံးပြုထိန်းသိမ်းဆောင်ရွက်ပါမည်။